# ဇန်နဝါရီ (၂၇)

## အောင်နိုင်သူများက ဘယ်သောအခါမျှအလျှော့ပေး ခေါင်းရှောင်ခြင်းမရှိ

**အ**လျှော့ပေး ခေါင်းရှောင်သူများကလည်း ဘယ်သောအခါမျှ အောင်နိုင်ခြင်းမရှိ။ အရာရာကခက်ခဲ ကြမ်းတမ်းလာသောအခါ သင့်အနေနှင့်ပို၍ ပြင်းထန် မာကျောသောစိတ်နှင့် ရုန်းကန်ကြိုးစားရမည်ဖြစ်ရာ သင်ဤသို့ လုပ်ဆောင်ပြီး အရှုံးမပေးလျှင် ပို၍ကြီးမားသော အောင်မြင်မှုများကို ရရှိလိမ့်မည်ဖြစ်သည်။

၁၈ရာစု စကော့ပြည်ဘွား အမေရိကန်ရေတပ် တပ်မှူးဂျွန်ပေါလ်ဂျုံး (၁၇၄၇ – ၁၇၉၂) ထံမှသင်ခန်းစာယူပါ။ တိုက်ပွဲတစ်ပွဲတွင် သူ၏သင်္ဘောထိသွားပြီး နစ်မြုပ်စပြုနေပြီဖြစ်သည်။ သူ၏သင်္ဘောသားထက်ဝက် ကျဆုံးသွားခဲ့ပြီး ဖြစ်သလို သူအပါအဝင် ကျန်လူအတော်များများကလည်း ဒဏ်ရာအနာတရ ဖြစ်နေခဲ့သည်။ ရန်သူသင်္ဘော၏ မာလိန်မှူးက ဂျုံးအားလက်နက်ချရန် အဆင်သင့်ရှိနေပြီလားဟု မေးခဲ့ရာ သူက "လက်နက်ချဘို့လား? မဖြစ်နိုင်တာ ငါတို့စပြီးတောင်မတိုက်ရသေးဘူး" ဟုပြန်လည်ဟစ်အော် ပြောဆိုခဲ့သည်။ သူကတိုက်ပွဲကို ဆက်တိုက်ခဲ့သလို ထိုတိုက်ပွဲကိုလည်း နောက်ဆုံးအနိုင်ရရှိခဲ့ပါသည်။

သင့်အနေနှင့် မိတ်ဆွေဟောင်းကြီး စာတန်ကို စ၍ပင်မတိုက်ရသေးဖြစ်နိုင်သည်။ သခင်ယေရှုကဲ့သို့ သင့်အနေနှင့် "ဒုစရိုက်အပြစ်ကို ဆိုင်ပြိုင်တိုက်လှန်၍ ကိုယ်အသွေးထွက်သည်တိုင် မခံရကြသေး" (ဟေဗြဲ ၁၂:၄) ဖြစ်ကောင်းဖြစ်မည်။ ယင်းက ၎င်းကိုသတ် ဖြတ်ခဲ့သော်လည်း နောက်သုံးရက်အကြာတွင် သူသည် သင်္ချိုင်းဂူတွင်းမှ အောင်မြင်ခြင်းနှင့် ရှင်သန်ထမြောက်ခဲ့သည်။

ထို့ကြောင့် ကောင်းသောအလုပ်ကိုလုပ်ရာတွင် ပင်ပန်းနွမ်းနယ်ခြင်း မရှိပါနှင့်။ အဘယ်ကြောင့်ဆိုသော် သင့်အနေနှင့် အရှုံးပေးလျှင် အချိန်ကျရောက်လာသောအခါ သင်သည် အသီးအပွင့်ကို ရိတ်သိမ်းရလိမ့်မည်။ (ဂလာတိ ၆:၉) ယေရှုခရစ်ထံ၌ ကောင်းသောစစ်သူရဲကဲ့သို့ ဆင်းရဲဒုက္ခကို သည်းခံလော့။ ဆင်းရဲမည်သည်ကား မိမိကို စစ်သူရဲအရာ၌ ခန့်ထားသောသူကို နှစ်သက်စေခြင်းငှါ လောကီမှုရေးနှင့် ပြွမ်းနှောရှုပ်ထွေးခြင်းကို ဖယ်ရှားတတ်၏။ (၂တိမောသေ ၂:၃–၄) ယုံကြည်ခြင်းနှင့်ဆိုင်၍ ကောင်းစွာသော တိုက်လှန်ခြင်းကိုပြု၊ ပြေးရသောလမ်းကိုအဆုံးတိုင်အောင်ပြေး၊ ယုံကြည်ခြင်းတရားကို စောင့်ရှောက်၊ သေသည့်တိုင်အောင်သစ္စာစောင့်လော့၊ သို့ဖြစ်လျှင် အသက်သရဖူကို သခင်ယေရှုပေးမည်။ (၁တိမောသေ ၆:၁၂၊ ၂တိမောသေ ၄:၇–၈၊ ဗျာ ၂:၁၀)